**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် (CERTIFICATE OF COMPETENCY) နှင့်တတ်ကျွမ်းမှုလက်မှတ် (CERTIFICATE OF PROFICIENCY) များအတွက် အင်တာနက်ကွန်ရက်သုံး သင်တန်းများ (ONLINE CLASSES) ဖြင့် သင်ကြားပို့ချခြင်းဆိုင်ရာ ကြေညာချက်

**ကြေညာချက်အမှတ် (၃/၂၀၂၁)**

**၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၅ ) ရက်**

၁။ Coronavirus 2019 (COVID–19) ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေစဉ် ကာလအတွင်း သင်္ဘောအရာရှိများနှင့် သင်္ဘောသားများ တက်ရောက်ရန် လိုအပ်သော ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency (COC)) နှင့် တတ်ကျွမ်းမှု လက်မှတ် (Certificate of Proficiency (COP)) သင်တန်းများကို ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးရေးနှင့် အလုပ်ချိန်ကျ စောင့်ကြည့်စစ်ဆေးရေးတာဝန် ထမ်းဆောင်ရန်တို့အတွက် စံများသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ယင်း၏ ပြင်ဆင်ချက်များ (STCW Convention) နှင့် သင်္ဘောဝန်ထမ်းများ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှု လက်မှတ်ထုတ်ပေးရေးနှင့် အလုပ်ချိန်ကျ စောင့်ကြည့်စစ်ဆေးရေး ဆိုင်ရာကုဒ် (STCW Code) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုထား သော ရေကြောင်းဘက်ဆိုင်ရာ သင်တန်းကျောင်းများတွင် အင်တာနက်ကွန်ရက်သုံး သင်တန်းများ (Online Classes) ဖြင့် သင်ကြားပို့ချမည်ဖြစ်သည်။

၂။ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency (COC)) နှင့် တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency (COP)) များအတွက် လေ့ကျင့် သင်ကြားခြင်း၊ စာမေးပွဲစစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်များ နှင့် သင်ရိုးညွှန်းတမ်းများပါရှိသော

အင်တာနက်ကွန်ရက်သုံးသင်တန်းများ (Online Classes) ကို အောက်ဖော်ပြပါ နောက်ဆက်တွဲ အတိုင်း သတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (၁) | Deck Officer Class–I (COC) Online Training Course (Master on ships of 3,000 gross tonnage or more) | Annex (A) |
| (၂) | Deck Officer Class–II (COC) Online Training Course (Chief Mate on ships of 3,000 gross tonnage or more) | Annex (B) |
| (၃) | Deck Officer Class–III (COC) Online Training Course (Officer in Charge of a Navigational Watch on ships of 500 gross tonnage or more) | Annex (C) |
| (၄) | Ratings forming part of a Navigational Watch (II/4) (COP) Online Training Course | Annex (D) |
| (၅) | Ratings as Able Seafarer Deck (II/5) (COP) Online Training Course | Annex (E) |
| (၆) | Crowed Management (Documentary Evidence) Online Training Course | Annex (F) |
| (၇) | Safety Familiarization and Basic Training (COP) Online Training Course | Annex (G) |
| (၈) | Medical Care (COP) Online Training Course | Annex (H) |
| (၉) | Medical First Aids (COP) Online Training Course | Annex (I) |
| (၁၀) | Ship Security Officer (COP) Online Training Course | Annex (J) |
| (၁၁) | Ship Security Awareness (COP) Online Training Course | Annex (K) |

| | | |
|---|---|---|
| (၁၂) | Designated Security Duties (COP) Online Training Course | Annex (L) |
| (၁၃) | Efficient Deck Hand (Documentary Evidence) Online Training Course | Annex (M) |
| (၁၄) | Deck Officers (COC) Online Refresher and Updating Course | Annex (N) |
| (၁၅) | Basic Training for Oil and Chemical Tanker Cargo Operations (COC) Online Revalidation Course | Annex (O) |
| (၁၆) | Advanced Training for Oil Tanker Cargo Operations (COC) Online Revalidation Course | Annex (P) |
| (၁၇) | Advanced Training for Chemical Tanker Cargo Operations (COP) Online Revalidation Course | Annex (Q) |
| (၁၈) | Survival Craft and Rescue Boats other than Fast Rescue Boats (COP) Online Revalidation Course | Annex (R) |

၃။ COVID-19ရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေစဉ်ကာလအတွင်း အင်တာနက်ကွန်ရက်သုံး သင်တန်းများ (Online Classes) တွင် စာတွေ့သင်ခန်းစာများ (Theoretical Portions) ဖြင့်သာ သင်ကြားမည်ဖြစ်ပြီး လက်တွေ့သင်ခန်းစာများ (Practical Exercises) ကို COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုလျော့ကျသွားချိန်၌ သက်ဆိုင်ရာသင်တန်းကျောင်းများတွင် ဆက်လက် သင်ကြားရမည်ဖြစ်သည်။

၄။ Online Course သင်ကြားသူများသည် စာတွေ့သင်ခန်းစာများ (Theoretical Portions) သင်ကြားမှုပြီးဆုံးသည့် နေ့မှစ၍ (၂) နှစ် သက်တမ်းရှိသော သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် (COC) သို့မဟုတ် တတ်ကျွမ်းမှုလက်မှတ် (COP) များ နှင့် Coronavirus 2019 (COVID-19)

ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နေစဉ် ကာလအတွင်း ကျန်ရှိနေသော လက်တွေ့သင်ခန်းစာ (Practical Exercise) များကို သင်တန်းကျောင်းများတွင် သင်ကြားမှုပြီးဆုံးပါက စာတွေ့ သင်ကြားမှုပြီးဆုံးသည့်နေ့မှစ၍ (၅) နှစ် သို့မဟုတ် ကိုင်ဆောင်ထားရှိသော လက်မှတ်များသည် သက်တမ်းရှိသော လက်မှတ်များကို သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ (၅) နှစ် ထုတ်ပေးမည်။

၅။ သင်တန်းကျောင်းများသည် သင်တန်းများ ပုံမှန်ပြန်လည်ဖွင့်လှစ် သင်ကြားနိုင်သည့် အချိန်တွင် အင်တာနက်ကွန်ရက်သုံး Online Class စနစ်ဖြင့် သင်ကြားခြင်းကို ရပ်ဆိုင်းကာ သင်တန်းခန်းမများ၌ သင်ကြားရမည်ဖြစ်သည်။

1/2/2021

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ညီညီထွန်း-ညွှန်ကြားရေးမှူး(ရေကြောင်း)

**ဖြန့်ဝေခြင်း-**

ရေကြောင်းဘက်ဆိုင်ရာ သင်တန်းကျောင်းများအားလုံး

**မိတ္တူကို-**

- ညွှန်ကြားရေးမှူးချုပ်ရုံး
- ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)
- ရေကြောင်းအင်ဂျင်နီယာဌာနခွဲ
- ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ
- ကြော်ငြာသင်ပုန်း
- ရုံးလက်ခံ